

အကြည်တော်
တအုပ်တိုက်
ILLUSTRATED BY KOSAN 2012

## ရှေ့နေဘိုးစံကွားနှင့်
## မောင်ဝကြီး မယားကွာရှင်းမှု

ကျွန်ုပ်မောင်ပိန်းပေါင်သည် စူးစမ်းလေ့လာခြင်းဝါသနာ ရှိသည့်အပြင် စွန့်စားခြင်း၊ ပေါက်ပေါက်ရှာရှာ ပါလေရာလုပ် တတ်ခြင်း ဝါသနာများ ရှိသည့်အားလျော်စွာ လွန်စွာမှအတွေ့ အကြုံ ဗဟုသုတနှင့်ပြည့်စုံ၍ လက်ရုံးရည်နှလုံးရည်ကုံလုံသော သက်ကြီးဝါရင့် ရှေ့နေကြီး ဖိုးစံကွားထံသို့ မကြာခဏဆိုသလို သွားရောက်ပညာရှာမှီးတတ်ပေသည်။

ရှေ့နေဘိုးစံကွားဟူသည်မှာ လွန်စွာမှပင် အနေအထိုင် ပိရိသိုသိပ်၍ မိမိကိုယ်ကို ကိုယ်ရည်သွေးခြင်း၊ မိမိအကြောင်း အကောင်းပြောခြင်းများကို လွန်စွာရွံမုန်းသူ ဖြစ်လေရာ ၄င်း၏ အသက် မည်မျှရှိသည်၊ ၄င်း ဘယ်ခေတ်အခါက ရှေ့နေဖြစ်ခဲ့သည် ကိုမူကား မဖော်ပြပေးနိုင်ခြင်းကို စာရေးသူမှပင် တောင်းပန်ရပါမည်။

ရှေ့နေဘိုးစံကွားသည် လွန်စွာမှပင် အသက်ကြီးပြီဖြစ် ကြောင်းကို ၄င်း၏ ပါးသို့ထောက်နေသော မျက်ခုံးမွေးရှည်များနှင့် ပြောင်သလင်းခါနေသော ငယ်ထိပ်မှ ဆွတ်ဆွတ်ဖြူနေသော တြိရတန ဟုဆိုအပ်သော ဆံပင်ဖြူသုံးချောင်းက သက်သေခံနေပေ၏။ အရပ်မှာ သုံးပေကိုးလက်မခန့် ခပ်ပြတ်ပြတ်နှင့် ကိုယ်ဟန်မှာ ချင် ပန်ဇီ မျောက်ဝံများကဲ့သို့ကုတ်ကုတ်ကွကွနှင့် အချိုးကျ ကျစ်လစ် တောင့်တင်းသည်ဟုသာ သာမာန်အားဖြင့် မှတ်ကြပါကုန်။

အဝတ်အစားကိုလဲ မလော်မာဘဲ ရှေးမြန်မာကြီးများ ထုံးစံအတိုင်း

ကိုယ်တုံးလုံးတစ်ခါ၊ အကျႏုကျွတ်တစ်လှည့်သာ တွေ့ရ တတ်ပေသည်။ (ဤကားစာရေးသူ၏ စကားပြောတည်း) ယနေ့လဲ ကျွန်ုပ် ပျင်းပျင်းရှိသည်နှင့် ရှေ့နေကြီးဘိုးစံ ကွားနှင့် စကားစမြည်ပြောရင်း ဗဟုသုတရှာမှီးခြင်းလုပ်ရန်အလို့ငှာ နေအိမ်မှ ထွက်ခဲ့လေသည်။

ရှေ့နေကြီးဘိုးစံကွားအိမ်သို့ ရောက်သောအခါ အိမ်ရှေ့ ကွပ်ပျစ်၌ ထိုင်ရင်း ခပ်ဖိုင့်ဖိုင့်လူဝကြီး တစ်ဦးနှင့် အမှုကိစ္စဆွေး နွေးနေသော ဘိုးစံကွားအား အခန့်သင့်ပင် တွေ့ရလေ၏။ ကျွန်ုပ် ၏ ခြေသံ တတောက်တောက်ကိုကြားသည်နှင့် အိမ်နောက်သို့ လှည့်၍

''ဟေ့ မောင်သုတရေ ဒီမှာ အလုပ်ကိစ္စ ဆွေးနွေးနေ တယ်ကွဲ့၊ မင့်သံရိုက်စရာရှိရင် နောက်မှရိုက် ''

ဟုလှမ်းပြောလေရာ အိမ်တွင်းမှ မောင်သုတက

''ဘာသံမှမရိုက်ရပါလား အဘိုးစံကွားရယ် ''

ဟု ငြီးတွားပြီးထွက်လာ လေသည်။

''ဟေ့ ညာမနေနဲ့ကွ၊ ခုတင်ပဲ အိမ်နောက်ဖေးက တတောက် တောက်နဲ့ အသံကြားနေတယ် ''

ကျွန်ုပ်မှပင် မနေနိုင် မထိုင်နိုင်နှင့်ဝင်၍ ရှင်းပြရပေ၏။

''အနောက်က တူထုတာ မဟုတ်ပါဘူး ဘိုးစံကွားရယ်၊ အရှေ့က လျှောက်ဝင်လာတဲ့ ကျွန်တော့်ရဲ့ရှူးဖိနပ်က ထွက်တဲ့ အသံပါ''

''ဩော် ရဲအုပ်သီးပိုပါလား၊ ဆို လာရင်းကိစ္စ ''

''ရဲအုပ်သီးပိုလည်း မဟုတ်ပါဘူး၊ ကျွန်တော် အဘရဲ့ မိတ်ဆွေရင်း မောင်ပိန်းပေါင်ပါ''

''ဩော် လာနေကျလူဆိုတော့ ကျွန်ုပ် မျက်စိလျှမ်းသွား တယ်၊ လာလာ

မောင်ပိန်းပေါင်၊ ဒီမယ် မောင်ဝကြီးက သူ့မိန်းမနဲ့ ကွာရှင်းပြတ်စဲချင်လို့တဲ့၊ အဲဒါ ရှေ့နေကို တရားဝင်အာဏာလွှဲတာ၊ ကဲ မောင်ဝကြီး ဒါ ကျွန်ုပ်ရဲ့ စိတ်ချရတဲ့မိတ်ဆွေပဲ၊ ပြောစရာ ရှိတာကို လွတ်လွတ်လပ်လပ် ပြောဆိုလို့ရတယ်''

ထိုဝကြီးဆိုသောလူမှာ ကျွန်ုပ်ကို ခေတ္တမျှအကဲခတ်ပြီးမှ

''ကိစ္စကတော့ ကျွန်တော့်မိန်းမနဲ့ ကွာရှင်းပြတ်စဲချင်တာပဲ''

ရှေ့နေဘိုးစံကွားမှ ထုံးစံအတိုင်း ၄င်း၏ ခနော်နီခနော် နဲ့ ပေါက်နေသော ရှေ့သွားနှစ်ချောင်းကို လျှာပြားကြီးနှင့် ထိုးနေ ရင်းက

''ဒီကိစ္စမျိုးက သေသေချာချာစဉ်းစားပြီးမှ လုပ်သင့်တာ နော်''

''ဘာမှစဉ်းစားမနေတော့ဘူး၊ ပြီးပြီ၊ အဲဒီ ကိစ္စနဲ့ပတ်သက် ပြီး အဘိုးက ရှေ့နေလုပ်ငန်းအရပ်ရပ်နဲ့ ကွာရှင်းပြတ်စဲခြင်းသတင်း ကို သတင်းစာမှာထည့်ပေးဖို့ တာဝန်ယူပေးပါ၊ ဒီမှာ ကျွန်တော့် ကွာရှင်းပြတ်စဲရခြင်းနဲ့ ပတ်သက်တဲ့ ကျွန်တော်ခံစားရတဲ့ အချက် ပေါင်းနှစ်ထောင်ကျော်ရေးထားတယ်၊ သတင်းစာကြော်ငြာကို အဲဒီ အချက် အကုန်လုံးပါအောင် ထည့်ရေးပေးပါ''

''အင် မင့်အချက်ပေါင်း နှစ်ထောင်ကျော်ထည့်မှတော့ သတင်းစာမှာ ခေါင်းကြီးပိုင်းရော၊ ကိုယ်ကြီးပိုင်းပါ၊ ဘာမှထည့်လို့ ရတော့မှာ မဟုတ်ဘူး၊ မသကာ သူများတွေလို အကြောင်းရေ(၁၀) ကြောင်း၊ (၁၅)ကြောင်းလောက် ရေးပေ့ါ ဟုတ်ဘူးလား ''

''မရဘူး ဘိုးစံကွား၊ ဒါကြောင့် ဘိုးစံကွားလို ဝါရင့်သမ္ဘာရင့် ရှေ့နေကြီးတစ်ဦးဆီကို အကူအညီ တောင်းရတာ ပေ့ါ ''

''ဟုတ်ပါတယ် အဘိုးရယ်၊ အဘိုးရဲ့အတွေ့အကြုံတွေ အကုန်ပေါင်းပြီးတော့ အများသူငါ ရှေ့နေရှေ့ရပ်တွေနဲ့ တရား သူကြီးတွေပါ အတုယူရမယ့် ကြော်ငြာကြီးတစ်စောင် ရေးပေး လိုက်စမ်းပါ နော်''

ကျွန်ုပ်ကပါ ကြားက ဝင်တောင်းပန်သဖြင့် ဘိုးစံကွားက စိတ်ကို တစ်ထစ်လျှော့လိုက်သည့်အလား သက်ပြင်းချ၍

''အိမ်းလေ သို့ကလိုဆိုလည်း ရေးပေးရတာ ပ၊ ဒါပေမယ့် မင့်အချက်အလက်ပေါင်း နှစ်ထောင်လုံးတော့ ရမှာမဟုတ်ဘူး၊ သတင်းစာ တစ်မျက်နှာစာလောက်တော့ အကုန်ခြုံငုံမိအောင် ရေး ပေးလိုက်မယ်၊ ကဲ ဉာဏ်ပူဇော်ခ ငွေသုံးထောင်ပေး ''

ဝကြီးမှာ တစ်ချက်တုန်တက်သွားပြီး

''ငွေ ငွေသုံးထောင် ငွေသုံးထောင်က ဘာအတွက်လဲ''

''ဟော့ကောင် ဘာလာကြောင်နေတာလဲ၊ ရှေ့နေငှားရင် ပိုက်ဆံပေးရတယ်လေ ''

ဘိုးစံကွားမှာ လွန်စွာ စိတ်ဆတ်သူပီပီ စားပွဲခုံကို လက် နှစ်ဖက်နှင့်ညှစ်၍ ကုန်း၍ ထအော်ရာ ကျွန်ုပ်ပင်လျှင် စားပွဲကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ဘိုးစံကွား၏ လေနှင့်လွတ်စေရန် ခေါင်းကို တိမ်းရှောင်လိုက်ရလေ၏။ ရှေ့နေများ၏ ပိုက်ဆံတောင်း သံကား တော်လဲသံအလား စူးရှလှပေစွ။

''အင်းလေ ပေးရတယ်ဆိုတော့လဲ ပေးရတာ ပေါ့၊ ဒါနဲ့ ဒီကြော်ငြာစာရွက်ကို ဘယ်နေ့ လာယူရမလဲ''

ဝကြီးက စိတ်မပါ့တပါနှင့် ပိုက်ဆံကိုထုတ်ပေးရင်း မရဲတရဲ နှင့်မေးရာ ဘိုးစံကွားက လက်ညှိုးနှစ်ချောင်းကို ဝကြီး၏ နားထင် နှစ်ဖက်သို့ ဘတ်ခနဲ ဘတ်ခနဲ နှစ်ချက်ထောက်လိုက်ရင်း အာခေါင် ခြစ်သံနှင့် ဝက်ဝက်ကွဲအောင် အော်လိုက်သည်က

'' ဦးနှောက်ရှိရင် တွက်လို့ရတယ် ခုယူသွား ''

ပြတ်သားလှပေစွ။

''ကဲ မောင်ပိန်းပေါင် ဟောဟိုက လျှောက်လွှာစာရွက် ယူပြီး လိုက်ရေးစမ်း ''

ဟုဆိုကာ အောက်ပါ သတင်းစာကြော်ငြာကြီးကို လက်တန်းရေးပေးလိုက်သော ဟူ၏ ။

## ဇနီးမယားအဖြစ်မှ
## အပြီးတိုင်ကွာရှင်းပြတ်စဲခြင်း

ကျွန်တော်မောင်ဝကြီး ၁၂/ဝဝဝ ( နိုင် )ဝဝ၇ဝဝ၇၏ မယားကြီးဖြစ်သူမယ်အိုဇာ၁ဝ/လဒမ ( နိုင် ) ဝဝ၆ဝဝ၆သည် မယားဝတ္တရားနှင့်ညီညွတ်သော လုပ်ရပ်များနှင့်ပတ်သက်၍ ပြဒါး တစ်လမ်း၊ သံတစ်လမ်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျှောက်လှမ်း နေပါသည်။ ၄င်းမယ်အိုဇာသည် နဝဂ္ဂုဏ္ဍာဖုတ်ပြိတ္တာကဲ့သို့ အစား အသောက်ရမ်းကားခြင်း၊ အိပ်သောအခါ အမြဲတစေအသံကျယ်ကြီး နှင့်ဟောက်ခြင်း၊ အာပုတ်ယိုစီးခြင်း ရှူးရှူးထွက်ကျတတ်ခြင်းနှင့် ခြေဆင်းလက်ဆန့်ပြင်းခြင်းတို့ကို ကျွန်တော်မောင်ဝကြီးမှာ မချိ မဆန့်ခံစားနေရပါသည်။

ထို့ပြင် ရှာဖွေ၍ ပေးသမျှ၊ အပ်သမျှ ပိုက်ဆံငွေကြေး များကိုလည်း စီးသောရေတံခွန် ပေါက်ပြဲစုတ်ပြတ်နေသည့်ကန်သင်း ကဲ့သို့ ဒလဟောယိုစီးပြီး လောင်သည့်ဖွဲမီးကဲ့သို့ တရှီးရှီးမြည် အောင် သုံးစွဲတတ်ပါသည်။

ထို့ပြင် မဲပွရှုံ့တွသောရုပ်ရည်၊ မုန့်ကျွဲသည်းကဲ့သို့ တွဲရရွဲ ရိရိထနေသောဗိုက်ခေါက်၊ တိုသောအရပ် ထည်သောပေါင် ထူသော ခါး၊ နက်သောချက်၊ ရုပ်ပျက်အောင်ကြီးသော တွဲသောရင်သား၊ ဘီယာပုလင်းကဲ့သို့လျှောသာပုခုံး၊ မှုံမွမွဲမွဲ ဖွာလံကျဲသောဆံပင် စွင့်ကား

ဝင့်ကြွားသော မုံ့ခြောက်လုံး၊ တစ်လုံးနှာအောက် မွှေးတံပေါက်နှင့် ဖြစ်ထွန်းနေသော ရုပ်ရည်နှင့် မလိုက်ဖက်လွန်းလှစွာ ဘောင်းဘီ ဖင်ကြပ်၊ ချက်ပြုတ်စကတ်နှင့် ချက်ပေါ်အကျႌ ပေါ်သမျှအဆင် ဆန်းများကို လိုက်မှန်းမသိ၊ မလိုက်မှန်းမသိ ဖြန်းဖြန်းကွဲအောင် ဝတ်ဆင်၍ လင်သားအပေါ် အရှက်တကွဲ အကျိုးနည်းအောင်လည်း လုပ်နေပါသေးသည်။

ထိုမျှမက ဆံစကအစ ဖိနပ်၊ ခြေသည်းအဆုံး တစ်နေ့ သုံးခါမျှ ပြောင်းလဲဝတ်ဆင် ပျော်ပွဲဝင်နေပါသည်။

ထို့ပြင် ၄င်းမယ်အိုဇာ၏ မိခင်ဖြစ်သူ လွန်စွာဘလစ် ဘလစ်နှင့် အိမ်ပူပြီး အလုပ်မလုပ် အိမ်ဦးခန်းငုတ်တုတ်ထိုင်၍ ကိုးဆယ့်ခြောက်သွယ်သော ဝေဒနာပိုးအမျိုးမျိုးကို အထွက်တိုး အောင်မွေးမြူနေသော ပိုးမွေးမြူရေးသမကြီးနှင့်အတူ ငထူငထိုင်း၊ ဘုတ် ထိုင်းဘိုင်းနှာ အစ်မကြီးတစ်ဦးအပြင် ဆူပွက်ညံ့စီ ဂျလေဘီဆယ့် နှစ်ကျိတ်ကို ဆွေရိပ်မျိုးရိပ်မကင်းဘူးဆိုသော အကြောင်းပြချက် နှင့် အဝတ်အစားရွှေငွေများ ဆင်ပေး၍ တင်ကျွေးထားရပါသည်။

သူ့အဖေ လူမိုက်ဦးစံဖိုက်ဆိုသူအားလည်း မြေပဲကြွပ် ကြော်တစ်အိတ်၊ အသားတစ်ပိတ်နှင့် ငါးဆိတ်ကြက်ပဲ ဝက်ဝက် ကွဲအောင် ကြော်လှော်၍ တစ်ပတ်ကိုတစ်နေ့ ထောင်ဝင်စာတွေ့ရန် လုပ်ပေးနေရပါသေးသည်။

ထိုမျှမကသေး၊ ဝယ်ပေးသမျှ ရွှေတိုရွှေစနှင့် ဟမ်းချိန်း လက်ကောက်မကျန်၊ ချယ်နားကပ်တစ်ရံ အပါအဝင် အိမ်ထောင်ပရိ ဘောဂနှင့် ဗာဟီရအတိုအထွာများကိုပါ ပေါင်နှံ့ထားသည်ကို လည်း တစ်လနှစ်ခါမျှ ရွေးပေးနေရပါသေးသည်။

ဈေးဘိုးအတွက် မည်မျှပင်ပေးစေကာမူ ဈေးထဲရပ်ထဲ နှင့် အိမ်နီးချင်းများထံမှ ဆန်ကြွေး ဆီကြွေး ဆေးကြွေး ထင်းမီး သွေးကြွေး ငါးကြွေး

ကြက်ကြွေး ဆားကြွေး မုန့်ပဲသရေစာကြွေး များလည်း တရံမလတ် အမှန်ဆပ်နေရပါသည်။

ပိုဆိုးသည်မှာ ဆိုက်ကားဂိတ်၊ ကားဂိတ်များဖြတ်လျှောက်တိုင်း ဟီဟိဟီဟိနှင့် ပလီစိချောက်ချက်နှင့် လင်သား၏ သောက်ရက်ကို ခွမ်း ခနဲ ခွမ်းခနဲနေအောင် ခွဲနေသည်မှာလည်း အကြိမ်ကြိမ်ဖြစ်ပါသည်။

ထို့ကြောင့် ထိုမျှ ဝဋ်ဒုက္ခပေးလှသော ထိုမိန်းမကြီး မအိုဇာ အား ဇနီးမယားအဖြစ်မှ အပြီးအပိုင် အပြတ်အသား စွန့်လွှတ်လိုက် ပါကြောင်းနှင့် နောက်နောင် မအိုဇာနှင့်ပတ်သက်သော ကိစ္စဝိစ္စ ဝိစ္စိ ကိစ္စများ အားလုံးသည် ကျွန်တော်မောင်ဝကြီးနှင့် လုံးလုံးလျားလျား ပြားပြားလုံးလုံး လုံးဝဥဿုံ အနုလုံပဋိလုံ မသက်ဆိုင်တော့ပါကြောင်း စေတနာကောင်းနှင့် ဝေဒနာမောင်းခတ်လိုက်ရပါသည် ခင်ဗျား။

မှတ်ချက်။ ။စုံစမ်းမေးမြန်းပါက ဒီထက်အတွင်း ရေးများ ပြောစရာရှိပါသေးသည်။

**ပုံ**

**မောင်ဝကြီး**

''ဟား ကောင်းတယ်ဗျာ ပေးပေး၊ ကျွန်တော်သတင်းစာ မှာ အခုပဲ သွားထည့်လိုက်ဦးမယ်''

ဝကြီး၏ ဝမ်းသာအားရချီးကျူးသံ။ ကျွန်ုပ် လက်ညောင်း လှသည်နှင့် လက်ကို ဆတ်ခနဲ ဆန့်ထုတ်ရန် ပြင်လိုက်စဥ်မှာပင် ဝကြီးကား ရေးလက်စ,စာရွက်ထပ်အား ဖိုးဖိုးဆတ်ဆတ်နှင့် လုယူ ပြေးထွက်သွားလေပြီတည်း။

ကျွန်ုပ်က ဘိုးစံကွားအားလှမ်းကြည့်လိုက်ရာဘိုးစံကွားက ၄င်း၏

စတိုင်အတိုင်း ရှေ့သွားကို လျှာဖျားနှင့်ထိုးရင်း ပုခုံးတွန့်ပြ လေတော့သည်။ ဘာမှမတတ်နိုင်ဘူးဆိုသည့်သဘော။

*

ကျွန်ုပ်ကား စာရေးခြင်း၊ စာဖတ်ခြင်း သုတေသန လုပ်ငန်း များနှင့် မအားလပ်သဖြင့် နေ့စဉ် သတင်းစာတွင် ကိုဝကြီး၏ ဇနီးအဖြစ်မှစွန့်လွှတ်ခြင်းကြော်ငြာအား စောင့်ကြည့်မိသည်ကလွဲ ၍ ဘိုးစံကွားထံသို့လည်း မရောက်။ ကိုဝကြီးနှင့်လည်း အဆက် အသွယ်ပြတ်လို့သာနေသည်။ ကိုဝကြီး၏ ကြော်ငြာကား ပါလာသည် ကိုမတွေ့ရ။ သူတို့လင်မယား ပြန်အဆင်ပြေသွားတာလည်း ဖြစ်နိုင် သည်။

ယနေ့တော့ ယခုလအတွက် ရေးစရာချွတ်စရာများ လက်စသတ်နိုင်ပြီဖြစ်သဖြင့် အဘိုးစံကွား၏ အိမ်သို့ ရောက်ခဲ့ရပြန် ပါပြီ။ အိမ်ပေါ်တွင် ကြမ်းခင်းအား ပြားကပ်လျက် နားနှင့်ကပ်၍ နားထောင်နေသော ဘိုးစံကွားအား အခန့်သင့်ပင် တွေ့ရလေ သည်။

''အဘိုး ဘာလုပ်နေတာ လဲဗျ''

''ဟဲ့ သောက်ပလုတ်ကြီးကျ လူစကားပြောတယ်ဟ၊ အို မဟုတ်ပါဘူး၊ ရဲအုပ်သီးပိုပါလား''

အဘိုးစံကွား၏ အလန့်တကြားအပြောကို ကျွန်ုပ်မှ

''အာ အဘကလည်း ကျွန်တော်ပိန်းပေါင်ပါခင်ဗျ၊ ကြမ်း ခင်းကို နားနဲ့ကပ်ပြီး ဘာလုပ်နေတာလဲ''

''ဩော် မောင်ပိန်းပေါင် လာထိုင်၊ ကျွန်ုပ်က မောင်ပိန်း ပေါင်

ခြံထဲဝင်လာတာကို အဝေးက မြင်းခြေသံတွေမှတ်လို့''

''နီးစပ်ပါပေ့ ဘိုးစံကွားရယ်''

''လာထိုင်ဟေ့ မောင်ပိန်းပေါင်၊ ဒါနဲ့ လာရင်းကိစ္စက''

''ဘာရယ်မဟုတ်ပါဘူး အဘိုးရယ်၊ ဟိုနေ့က မောင်ဝကြီး လာရေးခိုင်းတဲ့ကြော်ငြာ ပါလာတာမတွေ့လို့ သူတို့လင်မယား ပြန်များအဆင်ပြေသွားကြပြီလားလို့ သိချင်တာနဲ့ လှည့်လာတာ''

ထိုစဉ် အိမ်ရှေ့မှ ခြံတံခါးတွန်းဖွင့်သံကြားရာ ဘိုးစံကွား က အိမ်နောက်သို့လှည့်ကာ

''ဟေ့ မောင်သုတရေ၊ အိမ်ရှေ့မှာနွားဝင်တယ်ဟေ့၊ ထွက် မောင်းလိုက်ပါဦးဟ''

မောင်သုတက အိမ်ရှေ့သို့ ပြေးထွက်သွားပြီး

''အာ အဘကလည်း နွားမဟုတ်ပါဘူးဗျ၊ ဟိုတစ်ခါ လာ တဲ့ ဧည့်သည်ပါ''

''ဩော် အေး အေး တစ်ခါတစ်လေတော့လဲ ခန့်မှန်းချက် ကလေးတွေက အနည်းငယ် မဆိုစလောက်ဆိုသလို လွဲတတ်သပေါ့ ကွာ၊ ဟော လာဟေ့ ရဲအုပ်သီးပို လာလကွာ''

''ရဲအုပ်သီးပိုမဟုတ်ရပါဘူး၊ ဝကြီးရယ်ပါဗျာ''

ကိုဝကြီးက ညှိုးငယ်သော မျက်နှာနှင့် ကျွန်ုပ်တို့ရေနွေး ကြမ်းဝိုင်းသို့ ဝင်ထိုင်၏။ ကျွန်ုပ်က သိချင်ဇောကြီးစွာနှင့်

''ဘယ်လိုလဲ ကိုဝကြီး၊ အိမ်ထောင်ရေး အဆင်ပြန်ပြေသွားပြီ လား''

''ပြေပါဘူး ကိုယ့်လူရယ်၊ ဒုံရင်း ဒုံရင်းပါပဲ''

ဘိုးစံကွားက ရေနွေးကြမ်း ကျိုက်နေရာမှ

''နို့ သတင်းစာကြော်ငြာလည်း မတွေ့ပါလားကွ ဟေ''

''ဟုတ်တယ်၊ ကျွန်တော်လည်း စောင့်ကြည့်နေတယ်၊ ကို ဝကြီး ဘာလို့ သတင်းစာကြော်ငြာ မထည့်တာလဲ၊ ထည့်ခါနီး မှ ချစ် ဇနီးရဲ့ ဝတ်ကြီးဝတ်ငယ်တွေကိုသိမြင်ပြီး နောင်တရသွားလို့ မထည့် တော့တာလား''

ကိုဝကြီးက မျက်နှာပေါ်မှ ချွေးသီးများကို ပွတ်သတ်ဖယ် ထုတ်ရင်း

''သွားထည့်ပါပကောလား ငါ့ကောင်ရယ်၊ ထည့်မယ်ဆိုမှ ပိုက်ဆံပေးရမယ်ဆိုလို့ မထည့်ဖြစ်တော့တာ''

''မှတ်သားလောက်ပါပေ့ ကိုဝကြီးရယ်''

''သတင်းစာမှာ ကြော်ငြာရင် ပိုက်ဆံပေးရမယ်ဆိုတာ အစက မသိဘူးလား''

''သိဘူးလေ ပြောမှမပြောကြဘဲကိုး၊ အဲဒီ ပိုက်ဆံ မလောက် လို့ ပြဿနာတက်နေတာကို ပိုက်ဆံထပ်ကုန်မယ်ဆို မလုပ်တော့ဘူး လေ၊ အဲဒါ အဘကို ဒါတွေလာပြန်ပေးတာ''

ဝကြီးက သူ၏ ခါးတွင် ထိုးလာသောဟိုတစ်နေ့က လွန် စွာမှ စိတ်အားထက်သန်စွာ ရေးခိုင်းထားသော ကွာရှင်းစာမူ တစ် ထပ်ကြီးကို ကြမ်းပြင်ပေါ်သို့ ဘတ်ခနဲ ပစ်ချပေးလေ၏။

''စစ်ကြည့် တစ်ရွက်မှ မလျော့ဘူး၊ ဒါတွေမသုံးဖြစ်တော့ ဘူးဆိုတော့ ကျွန်တော့်ပိုက်ဆံ ပြန်ပေးတော့ သုံးထောင်''

''အမ် မင်းဘာသာမင်း သုံးသုံး,မသုံးသုံး ကျုပ်က ဘာ ကိစ္စ ပြန်ပေးရမှာလဲ''

''အဘိုးစံကွား ဒီလို မတရားမလုပ်ပါနဲ့၊ ကျွန်တော်မသုံး ဖြစ်လို့

ပစ္စည်းကို အပြည့်အဝ ပြန်ပေးတာပဲ၊ ပေး ပြန်ပေး သုံး ထောင်''

ဝကြီးက ဂျက်နှင့်လက်နှင့် ရှင်းသည်ကို ဘိုးစံကွားကလည်း အကြောက်အကန်ငြင်း၏ ။

''ဟင့်အင်း၊ ဟင့်အင်း သိဘူး သိဘူး ပေးပြီးစလစ်နံပါတ် တစ်ပဲ သွားပြီ၊ မရှိတော့ဘူး''

''မရှိတော့ရင် အိတ်နှိုက်ကြည့်မယ်''

ဘိုးစံကွားက အိတ်ကို လက်နှစ်ဖက်နှင့်ပိတ်၍

''နှိုက်နဲ့ နှိုက်နဲ့''

''နှိုက်နဲ့ဆို ပြန်ပေး''

''ပေးနိုင်ဘူး''

''ကိုက်မှာနော်''

''ကိုက်ရဲ ကိုက်ကြည့်ပါလား၊ မင်းကိုက်ရင် ငါလည်း မခံဘူး ကွ''

''ကဲ ဒါလောက်ရှိလှ ကိုက်ပြီဗျာ''

ဘိုးစံကွားကလည်း မခံ။ ကုတ်ကို ပြန်ခဲ၏ ။ ဝကြီးက ကိုက်နေကျမို့ ထင်သည်။ နားရွက်၊ နှာခေါင်း၊ မေးစေ့၊ ခေါင်း စသည်တို့ဖြင့် ထောင့်စုံအောင်ကိုက်သည်။ တစ်ချက်တစ်ချက် ဖင်အထိပင် လွတ်လျှင်လွတ်သလို ဆင်းကိုက်သေး၏ ။

အခြေအနေကား မထင်မှတ်ဘဲနှင့် တင်းမာနေပေပြီ။ ကျွန်ုပ်လည်း မနေသာတော့ပြီမို့

''တော်ကြပါတော့ဗျာ တော်ကြပါတော့၊ ဒီလို ဖက်ကိုက် နေကြတာ လူကြားလို့မကောင်းပါဘူး''

''ကဲ ကိုဝကြီးကလည်း ကိုယ်သုံးဖို့ကိုယ် ကျေကျေနပ်နပ် နဲ့ ပိုက်ဆံပေးပြီးလုပ်ခိုင်းတာ၊ ဒီတော့ ဘိုးစံကွားက ပြန်မပေးလည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ တစ်ဝက်ရရင်ကျေနပ် ဟုတ်ပြီ လား၊ အဘိုးဘိုးစံကွားကလည်း တစ်ဝက်တော့ပြန်ပေးလိုက်နော် အဘ''

ရှေ့နေဘိုးစံကွာကား ငိုမဲ့မဲ့နှင့်

''ဟင့် မင်းပြောတာက လွယ်တယ် ပြန်ပေးရမယ်တဲ့၊ ဟင့် ငါ့မှာမရှိတော့ဘူးကွ၊ တစ်ထောင်ပဲကျန်တယ်၊ အဲဒါယူရင်ယူ၊ မယူရင် သေလိုက်၊ ဒါလောက်ပဲ လိုက်လျောနိုင်မယ် ဟင့်''

ဝကြီးလည်း ငိုလေပြီ။

''ဟင့် အဆင်ပြေမလား လုပ်ပါတယ်၊ ခုတော့ ခုတော့ ဘလိုင်း ကြီး နှစ်ထောင်ရှုံးသွားတယ်၊ ဟင့် မကောင်းကြဘူး၊ မကောင်းကြ ဘူး၊ ဝကြီးအပေါ် ဘယ်သူမှ မကောင်းကြဘူး အိ အိ''

ငိုကြပေပြီ။ ကြမ်းပြင်ပေါ် ဖင်ဆောင့်ဖင်ဆောင့်နှင့် ဖ နောင့်နှင့်ပွတ်ငိုနေပြီ။ ဘိုးစံကွားက အငိုကို ကျဥကျဥနှင့် မြိုထိန်း ထိန်းသော်လည်း နှလုံးသားအနာနှင့် ဝကြီးကား အသည်းနာနာ အကဲပါပါနှင့်'အာအူးဝါး' 'အာအူးဝါး'ဟု သံကုန်ခြစ်အော်ကာ ဟစ်၍ ဟစ်၍ ငိုသည်။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်နိုင်တော့ ပြီထင့်။ ကလေးငိုလျှင်ကား မုန့်ပေး မုန့်ကျွေး၍ ရသေးသည်။ အိုကြီး အိုမကြီးတွေငိုတော့ ကျွန်ုပ်လည်း ဘာမှ မတတ်နိုင်ပြီ။

သို့မို့ကြောင့် အားပေးချင်ယောင်ဆောင်၍ ဖင်ရွှေ့ ဖင် ရွှေ့နှင့် အပေါက်ဝဖက်သို့ မသိမသာတိုးသွားကာ အပေါက်ဝ ရောက်သည်နှင့် သုတ်ခြေတင်ရတော့သတည်း။

*

## ရွှေနေဘိုးစံကွာနှင့်
## ဝကြီး၏ အရှုပ်ထုပ်

နင့်ကလိန်း နင့်ဟာက ဝိုင်းကလော်တုတ်လို့ မာလကီး ကုတ်သွားဦးမယ် မောင်ဝကြီးရယ်''

''အား အဘိုးစံကွားကလဲ၊ ဘာ ကလော်တုတ်စရာရှိလို့လဲ၊ ကျွန်တော်မလုပ်ခဲ့တဲ့ အလုပ်တွေကို ကျွန်တော်နဲ့ မပတ်သက် အောင် ကျွန်တော်မလုပ်ပါဘူးလို့ ကြော်ငြာတာပဲဟာ ''

''မင်းမလုပ်ခဲ့တဲ့ကိစ္စကို မင်းမလုပ်ရင် ဘာကြော်ငြာစရာ မှ မလိုဘူးလေ၊ ရှည်လျားထွေပြား ဝေဝါးပြီး ဘာအရှည်ယားစရာ လိုလို့လဲ''

''မဟုတ်သေးဘူးနော်၊ ကျွန်တော်ဆိုတဲ့ဝကြီးက သူများ သံသယမျက်လုံးမျိုးနဲ့ ခိုးကြည့်တာကိုတောင် ဆတ်ဆတ်ထိခံနိုင် တာ မဟုတ်ဘူး၊ ဒါကြောင့် ဒီရှုပ်တဲ့လောကကြီးထဲမှာ ရှင်းအောင် နေချင်တယ် ဒါပဲ၊ အဲဒါ အဘိုးအနေနဲ့ ရွှေနေရွှေ့ရပ်ကိစ္စနဲ့ သတင်းစာကြော်ငြာကိစ္စကို ဆောင်ရွက်ပေး ''

ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်မောင်ပိန်းပေါင်သည် အား လပ်ရက်များ၌ အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရစိမ့်သောငှာ ဝါရင့်သမ္မာရင့် နှောင်းခေတ်မီ ရွှေနေကြီးဘိုးစံကွားဆီသို့ မကြာ ခဏ လာရောက်လည်ပတ်တတ်သည့်အားလျော်စွာ ယနေ့လည်း မရောက်တာကြာပြီ ဖြစ်သဖြင့် လှည့်လာမိရာမှ ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့

အနီးပုဂ္ဂိုလ် မောင်ဝကြီးနှင့် ကျွန်ုပ်တို့ ၏ ဇာတ်လိုက်ကျော် အဘိုးစံကွား၏ အချီအချစကားပြောခန်းကို အထက်ပါအတိုင်း ကြားမိခဲ့ခြင်း ဖြစ်သည်။

" အဟမ်း "

ကျွန်ုပ်ရောက်ရှိနေကြောင်း သိရှိစေရန် ချောင်းဟန့်သံ တစ်ချက်ပေးလိုက်လျှင်ပင် လွန်စွာဖျတ်လတ်အကင်းပါးလှသော ရှေ့နေကြီး ဘိုးစံကွားမှ

"ဟယ်လို ရဲအုပ်သီးပိုပါလား "

"အာ လုပ်ပြီပေါက်ကရ မောင်ပိန်းပေါင်ပါ အဘိုးရ"

"အိုး ဟုတ်ပါရဲ့၊ ကြားနေကျအသံမို့ နားလျှံသွားတယ်၊ မင်း လာတာနဲ့အတော်ပဲ၊ ဒီမှာလေ ဒီပုဂ္ဂိုလ်က ပြဿနာမဟုတ်တာ ပြဿနာ လုပ်ပြီး သူ့ဘာသူနေတဲ့ အထုပ်ကို တုတ်နဲ့ထိုးချင်နေတာ သတင်းစာကြော်ငြာ ထည့်ဦးမတဲ့လေ"

"ကိုဝကြီးက သတင်းစာမှာ ကြော်ငြာထည့်မှာဆိုတော့ ပိုက်ဆံပေးရတယ်ဆိုတာတော့ သိပါပြီနော်"

ကျွန်ုပ်၏ စကားကို ဝကြီးမှ လွန်စွာစိတ်မသက်မသာ ပုံစံနှင့် ကျွန်ုပ်အားပေစောင်း စောင်း ခွေးသူခိုးချောင်း ချောင်း ကြည့်ရင်း

"ဒါလောက်တော့ နားလည် ပါတယ်ဗျာ၊ ဒါကြောင့်လဲ တိုတိုတုတ် တုတ်နဲ့ ထိမိအောင် အဘ သမ္ဘာ ရင့်ဝါရင့် ရှေ့နေခေါင်ကြီးဆီလာ ပြီး အကူအညီ တောင်းရတာ ပေ့ါ"

ဘိုးစံကွား မျက်မှောင် ကြုတ်လိုက်ရင်း၊

"အကူအညီ ဟုတ်စ"

"ပိုက်ဆံလည်း ပါ,ပါ တယ်အဘရဲ့"

ဝကြီးက အိတ်တွင်းမှ ပိုက်ဆံသုံးထောင်ကိုထုတ်ပြီး ဘိုးစံကွားရှေ့သို့ချလိုက်မှ ဘိုးစံကွား က ကျေနပ်သံဖြင့်၊

''အဲသလိုလေး လုပ် စမ်းပါ၊ ကိုင်းလေ ဒါဖြင့်ရေးပေး ရတာ ပ၊ မင့်အားနာလို့ ရေးပေး တယ်မှတ်၊ ငါ့လခွမ်းပဲ ငွေမပွေး လေးရ၊ ကိုင်း မောင်ပိန်းပေါင်၊ ဟောဟိုက လျှောက်လွှာလေးယူပြီး လက်ရေးတို လိုက်ပေးစမ်း၊ ကျွန်ုပ်ခေါ်ပေးမယ်၊ မင်းလဲ ပညာရ တာပေ့ါ''

ဘိုးစံကွား ထိုသို့လောဆော်လိုက်ရာ ပညာလိုလားသော ကျွန်ုပ်မှာ အချိန်မဆိုင်းတော့ဘဲ လျှောက်လွှာစာရွက်များကို ဘုတ်ဘက် နှင့်ထုတ်ယူကာ ကသုတ်ကရက် လက်ရေးတိုလိုက်ရဘိတော့သည်။

အများသိစေအပ်ပါသည်။

ကျွန်ုပ်၏ အမှုသည် မောင်ဝကြီး ၁၂/၀၀၀ ( နိုင် ) ၀၀၇၀၀၇ သည် အရုပ်ထဲမှာ ရှင်းအောင်နေလိုသူ ဖြစ်ပေသည်။ ထို့ကြောင့် ဤသတိပေးသမ္မာန်စာကို ထုတ်ပြန်လိုက်ရခြင်း ဖြစ်သည်။

၁။တမြန်နှတမြန်နှစ်က မင်္ဂလာဆောင်သွားခဲ့သော မင်း သမီးလေးနှင့် အဆိုတော်တို့စုံတွဲမှ ကလေးငယ်တစ်ဦး မွေးဖွားခဲ့ပါ သည်။ ၄င်းအဆိုတော်လေးမှ

''ကျွန်တော့မိန်းမ ကလေးမွေးပေးလိုက်ပေမယ့် ကျွန်တော် ကလေးအဖေ မဖြစ်သေးပါဘူး ''

ဟု စာနယ်ဇင်းစာမျက်နှာထက်မှ တရားဝင်ပြောကြားခဲ့ ရာ အများသူငါ ရပ်သူရွာသားများမှာ သို့လောသို့လောနှင့် ယုန် ထင်ကြောင်ထင် ဖြစ်နေကြရပါသည်။

ကျွန်ုပ်၏ အမှုသည် မောင်ဝကြီးသည် ၄င်းမင်းသမီးနှင့် လည်းကောင်း ၄င်းအဆိုတော်လေးနှင့်လည်းကောင်း လုံးဝ ပတ်သက်ခင်မင်ခဲ့ဖူးခြင်း မရှိခဲ့ပါ။

ယုတ်စွအဆုံး အပြင်မှာတောင် မမြင်ဘူးခဲ့ပါ။ ထို့ကြောင့် ထိုကလေးနှင့်ပတ်သက်၍ ကျွန်ုပ်၏ အမှုသည် မောင်ဝကြီးနှင့် လုံးဝဥဿုံ ပတ်သက်မှုမရှိကြောင်း ကြော်ငြာအပ်ပါသည်။

၂။တမြန်နှစ်ကလည်း အသားတော်ညိုပြာနက်နှင့် မလိုက် မဖက် ဆန့်ကျင်ဖက်နာမည်ပေးထားသော အဆိုတော်မလေး တစ်ဦးက ၂၀၀၇တွင် ရည်းစားထားတော့မည်ဟု တရားဝင်ကြေ ငြာထားသော်လည်း ၂၀၀၉ကုန်၍ ၂၀၁၀ခုနှစ်သို့ တိုင်ခဲ့ပြီဖြစ် သော်လည်း ချစ်သူရည်းစားမရသေးသောကိစ္စသည် ကျွန်ုပ်၏ အမှုသည် မောင်ဝကြီးနှင့် လုံးဝ မသက်ဆိုင်ပါ။ ထိုအဆိုတော်ကောင်မလေး ကိုလည်း လုံးဝ စိတ်မဝင်စားပါ။ သိလည်းမသိပါကြောင်း ကြေငြာ အပ်ပါသည်။

၃။မင်းသမီးလေးတစ်ဦးက သူ့နောက်ကျောကို ဓားနှင့် ထိုးသူနှင့် ဆုံဖူးသည်ဟု စာနယ်ဇင်းများတွင် ပြောခဲ့ရာတွင်လည်း ကျွန်ုပ်၏ အမှုသည်မောင်ဝကြီးသည် ဓားနှင့်ထိုးဖို့နေနေသာသာ ဓားမပြောနှင့် ချွန်သောအရာဟူ၍ ဘာအချွန်မှပင် မရှိပါကြောင်း။ ၄င်းမင်းသမီးငယ်နှင့်လည်း ဆက်စပ်ပတ်သက်ခဲ့ဖူးခြင်း မရှိ ကြောင်းနှင့် ချစ်ခင်ဆက်ဆံဖူးဖို့ဝေးစွ သူပါသောရုပ်ရှင်ပင် မကြည့်ဘူးသေးကြောင်း။ ထို့ကြောင့် သူမ၏ နောက်ကျောကို ဓါးနှင့်ထိုးသူ၊ သို့မဟုတ် ရှေ့ကိုထိုးသူ(ဓါးနဲ့) သည် ကျွန်ုပ်အမှု သည်မောင်ဝကြီးနှင့် လုံးဝပတ်သက်နွယ်ယှက်ဖူး ခြင်းမရှိကြောင်း ကြေငြာအပ်ပါသည်။

၄။ထို့ပြင် ဒီသီတင်းကျွတ်လည်း မစွံပြန်သေးဘူးဆိုသော အပျိုကြီးမင်းသမီးမမများ။ အချစ်ရေးလား၊ တကယ်သေချာရင် ပြောမယ်လေ ဟဲဟဲ ဆိုသောမင်းသမီးလတ်များ၊ အချစ်နဲ့ ခဏ ခဏဆုံဖူးတယ်၊ ဒါပေမယ့် သိဘူးဟုဆိုသော မင်းသမီးငယ်လေး များ အိမ်ထောင်ကွဲပြီးကာမှ ဟမ်းဖုန်းပါဘတ်သွားလေသော မင်းသမီးမကျ အဆိုတော်မက,လေးများ၊ စာနယ်ဇင်းဆရာတစ် ယောက်ရဲ့ စာတစ်ကြောင်းအမှားအတွက် (၆)လခန့်

အမျှင်မပြတ် ရှင်းလင်းနေသော အဆိုတော် မင်းသမီးငယ်များ၊ မကြာခဏ ဘဝကို တစ်က,ပြန်ပြန်စနေရသော မင်းသမီးပြုတ်များ၊ မိဘကိုယ်တိုင်က လူမှုရေး ဖောက်ပြန်လို့ဆိုပြီး သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ် ခံရသူ မင်းသမီးများ၊ ခုတင် လင်ယူပြီး ခုတင် ကွာရှင်းသော ပင်စင် စားမင်းသမီးများ၊ နှစ်ဦးသဘောတူ ခုပဲယူတော့မလိုလို ပြောပြီးမှ စာနယ်ဇင်းတွေကပဲ ထင်ကြေးနဲ့ ရေးနေကြသလိုလို ရှူးချင်ယောင် ဆောင်ချင်နေကြသော မင်းသားမျက်ခေါ်နှင့် မင်းသမီး မျက်နှာ ခွက်တို့အားလုံးနှင့် ကျွန်ုပ်အမှုသည် မောင်ဝကြီးသည် လုံးဝ သိရှိ ဆက်နွယ်ဖူးခြင်း မရှိကြောင်းနှင့် နောက်နောင် အရှုပ်အရှင်းများ ပေါ်လာပါက ကျွန်ုပ်အမှုသည်မောင်ဝကြီးအား လုံးဝဆွဲမထည့်ကြ ပါရန် ကြိုတင်ကြေငြာအပ်ပါသည်။

ဆိုခဲ့သည့် အဆိုတော် မင်းသမီးများသည် ၄င်းဖေါ်ပြခဲ့ သော ကိစ္စရပ်များနှင့် ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ ဖြစ်ပေါ်လာ၍ ကျွန်ုပ်အမှုသည်မောင်ဝကြီးအား ဆွဲထည့်မည်ဆိုပါ က တရားဥပဒေအရ လက်ပိုက်ကြည့်နေမည် မဟုတ်ကြောင်း တရားဝင် အသိပေး ကြေငြာအပ်သည်။

**အမိန့်အရ-ဘိုးစံကွား**

**နန်းတွင်းခုံရုံးမှသည်**

**ယခုဇဟိုတရားရုံးအထိရှေ့နေ။**

မောင်ဝကြီးသည် ကျွန်ုပ် နောက်ဆုံးရေးလိုက်သော စာကြောင်း ပြီးသည်နှင့် အိန္ဒြေပါ မဆယ်နိုင်တော့ဘဲ စာရွက် များကို ပတ်ခနဲဆွဲယူပြီး ရင်ခွင်တွင် ပိုက်ထားကာ ပီတိမျက်နှာ နီကြီးကို ပြုံးဖြီးဖြီးလုပ်လို့ သုံးမိနစ်ခန့် ငြိမ်နေပြီးမှ ဆတ်ဆို ဂလုံခနဲခုန်ချ၍ ထွက်ပြေးသွားချေပြီ။

သူ၏ ခြေလှမ်းများက မှုန်လို့၊ ဖုန်လုံးကြီးက ဖုံလို့။

*

သို့ကလိုဖြင့် သတင်းစာတွင် မောင်ဝကြီး၏ ကြော်ငြာချက် များပါလာရာ ရပ်ထဲ၊ ရွာထဲ၊ ဈေးထဲမှ ပါးစပ်သမိုင်းသုတေသီ များ၏ ပါးစပ်ဖျားတွင် တင်းနစ်ကစားနေသော သတင်းများမှာ ဝကြီး၏ သတင်းများပင် ဖြစ်နေတော့သည်။

ဟိုမင်းသမီး ဟိုအဆိုတော်နှင့်မရမီ မောင်ဝကြီးနှင့်ပဲ ဖြစ်ခဲ့သလိုလို၊ ဟိုအဆိုတော်မလေး ရည်းစားမရတာ ဝကြီးကပဲ အင်း မလုပ်အဲမလုပ် လုပ်နေသလိုလို၊ ဟိုမင်းသမီးလေးရဲ့နောက်ကျော ကို သားရေမျဉ်းလုံးနဲ့ပဲ တို့ခဲ့သလိုလို၊ ဟိုအဆိုတော် မင်းသမီး လေး၏ ဟမ်းဖုန်းကို ဝကြီးကပဲ အကွေးနှင့် သိမ်းလိုက်သလိုလို၊ လိုလို..လိုလိုနှင့် ပိုတယ်ကိုမရှိ ဖြစ်နေပေပြီ။

ဝကြီးကား မရှုပ်ချင်၊ ရှင်းရှင်းနေချင်၏ ။ ရှင်းရှင်းနေ ချင်၍ မရှုပ်ကြစေကြောင်း ကြေငြာ မောင်းခတ်မှ အရပ်က လူရှုပ်ကြီး ဟုရှုံ့ချနေကြ၏ ။ ကျွန်ုပ်မောင်ပိန်း ပေါင်မှ ထိုသတင်းများ နားမဆန့် အောင်ကြားရပြီးမှ ဘာများထူးခြား ဦးမလဲလို့ သိချင်စိတ်နှင့် ရှေ့နေ ဘိုးစံကွားထံသို့ ထပ်မံရောက်ရှိခဲ့ပြန်၏ ။

ရောက်မဆိုက်ပင် ရှေ့ နေဘိုးစံကွား၏ လောဆော်မှု ကြောင့် ဘုမသိဘမသိနှင့် ရန် ကုန်ဆေးရုံကြီး အတွင်းလူနာ ဆောင်သို့ ရောက်ခဲ့ရာ ပြတ်ရှထု ထောင်း ထိုးသွင်းဒဏ်ရာများနှင့် အရေးပေါ်ခန်းထဲ လဲနေသော ကျွန်ုပ်တို့အမှုသည် မိတ်ဆွေဝကြီး အား စိတ်မကောင်းစွာ တွေ့ရလေ ၏ ။

အကျိုးအကြောင်းမေး ကြည့်ရာ မဒမ်ဝကြီးမယ်အိုဇာက ဉာဉ့်မျှ ရှပိုးထိုး ရှုပ်ပွေရမလားဟု ချစ်စနိုး ကလူကျီစယ်လိုက် ကြောင်း သိရပေသည်။

လူမမာကြည့်ပြီး စိတ်မကောင်းစွာနှင့် ပြန်ထွက်လာကြစဉ် ဆေးရုံကြီးအတွင်းသို့ ကားနှင့် တဝှီးဝှီးဝင်လာကြသော ရည်ညွှန်း ကြော်ငြာပါ

ကာယကံရှင်များက ဆာမူရိုင်းမျက်နှာပေါက်၊ ဒသဃီရိ နှုတ်ခမ်းများနှင့် ဝင်လာမစဲတသဲသဲ ရှိကြပြီး

''ဒီကောင်ဘာမို့လို့လဲ၊ နင့်ကလိန်းမို့ ပြောတာလား၊ ခု ထွက်ရှင်းစမ်း၊ သူ့အစ်မ ပြောပါလား၊ ငါ့ဘာသာငါ တစ်က,စစ နှစ်က,စစ နင်နဲ့ဘာဆိုင်လဲ''

နှင့် ဆူညံပွက်လောရိုက် တသောသောဖြစ်နေရာ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးမှာလဲ မဟန်တော့သော အခြေအနေကို တွက် ဆမိသည့်အားလျော်စွာ မိမိတာဝန်ကို မိမိယူသည့်အနေနှင့် မိမိ ကိုယ်တိုင် မိမိ၏ ခေါင်းကိုင့်၊ အမြီးကိုကုတ်၍ သုတ်ခြေတင်ကြ ရချေပြီတမုံ့။

*

''ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်၊ အုပ်မယ့်ကျား အောက်တစ်ပြားဝပ်၊ ဖွတ်ထွက်တဲ့တောင်ပို့ကို ဘယ်ကောင်ဖွပ်ရဲ သလဲကွ ဟေ ကွားတုလို့ လေဥခုန်ရင် သိုက်ကွာရုံသာ ရှိ တော့မပေ့၊ ဟငင်းငင်း.. ဟငင်းငင်း''

ဤကား ရှေ့နေဘိုးစံကွား၏ ကြုံးဝါးသံပါပေ။

ကျွန်ုပ်သည် ရှေ့နေကြီး ဘိုးစံကွားအိမ်သို့ အလည် ရောက်နေစဉ် ယခင် မိတ်ဆွေဟောင်းကြီး မောင်ဝကြီး ရောက်လာ ပြီး သတင်းစာကြော်ငြာတစ်ခုအားပြကာ အကူအညီ တောင်းလာခြင်း ဖြစ်ပေရာ ဘိုးစံကွားမှာ ၎င်းကြော်ငြာအား ဖတ်ပြီး အထက်၌ ဖော်ပြခဲ့သလို ကြုံးဝါးခဲ့ခြင်း ဖြစ်ပေသည်။

ဘိုးစံကွားကား သတင်းစာကို ကျစ်ကျစ်ပါအောင် ဆုပ် ထားပြီး ဒေါသမပြေနိုင်သေးဟန်နှင့် ၎င်း၏ '' ဗွိဒန္တ ''ခေါ်အပ်သော ရှေ့နောက်ဝဲလယ်ပေါင်း

နှစ်သွယ်သောသွားကို လျှာပြားကြီးနှင့် ထိုးနေလေသည်။

ကျွန်ုပ်ကား မရဲတရဲနှင့် ဘိုးစံကွားၡ၏ လက်ချောင်းများ ကို ခိုးဖြည်ပြီး သတင်းစာကို ဖတ်လတ်သော် အောက်ပါ ကြော်ငြာ အရေခြုံ စိန်ခေါ်စာတမ်းကို တွေ့ရလေတော့သည်။

ရှေ့နေယောင် ရှေ့နေကြောင် ဘိုးစံကွားနှင့် တရား ခံ မောင်ဝကြီး သိစေရန်

ပြီးခဲ့သည့်အပတ်က ကြော်ငြာခဲ့သည့် မင်းသမီးနှင့် အဆို တော်တို့၏ အရေးနှင့် မဆိုင်လေသော မောင်ဝကြီး၊

ကလေးသုံးယောက် ရပြီးသည်အထိ အချစ်ရေးကို မသိရှာ လေသော အပျိုကြီးမမ မင်းသမီးများနှင့် မပတ်သက်ပါလေသော မောင်ဝကြီး၊

တယ်လီဖုန်းအွန်လိုင်းပေါ်မှတစ်ဆင့် တစ်ဖုန်းမှတစ်ဖုန်း ဗိုင်းရပ်စ်အကိုက်ခံနေရသောအမှုနှင့် လားလားမှ မပတ်သက်လေ သော မောင်ဝကြီး၊

မင်းသမီးအို မင်းသမီးဟောင်း မင်းသမီး မှိုတက်ကြီးများ ဒီဝါကျွတ်လည်း မကျွတ်နိုင်သေးသော ပြဿနာနှင့် မပတ်သက် မစပ်ယှက်ခဲ့လေသော မောင်ဝကြီး၊

ဒီ ၂၀၀၇မှာ ရည်းစားထားမယ်ဟု လေကြီးမိုးကြီးကျခဲ့ သူက ရည်းစားနှင့် တူတာဆို၍ ရှူဆေးဗူးတောင် မရခဲ့သော်ငြား ရည်းစားသုံးယောက် ရခဲ့ပြီးသယောင် လျှောကကြွားခဲ့သော အဆို တော် (ခွင်မကောင်းလို့ မင်းသမီးပြောင်းလုပ်မယောင် ခြေရိုပ်သန်း နေသော) ကလေးမနှင့် သိပင်မသိကျွမ်းခဲ့လေသော မောင်ဝကြီး နှင့် ၎င်း၏ ခေါင်းကိုင် ရှေ့နေဟောင်း ရှေ့နေအိုကြီး ဘိုးစံကွားတို့ ကို သိစေရန် ကြော်ငြာအပ်ပါသည်။

အထက်ဖော်ပြပါ ထိကပါး ရိကပါးခံ အပြစ်မဲ့အနုပညာ သမားတို့၏ အကူအညီတောင်းချက်အရ ၄င်းပြသနာအား ကြော်ငြာပါသည့်နေ့မှ တစ်ပတ်ပြည့်သောနေ့တွင် ရုံးတော်သို့ လာ ရောက်ဖြေရှင်းကြပါရန်၊ လာရောက်ဖြေရှင်းခြင်းမပြု အိမ်တွင်းပုန်း နေမည်ဆိုပါက ရှေ့နေကြီး ဦးလေဥ(ဆာလကာကြီး)ကိုယ်တိုင် အိမ်တိုင်ရာရောက် ကုတ်ဆွဲ၍ အချုပ်ထဲပို့မည်ဖြစ်ကြောင်း သေရွာ ညောင်းဖို့ စေတနာကောင်းနဲ့ ဝေဒနာမောင်းခတ်လိုက်ရသည်။

**အမိန့်အရ**

**ခနိရည်ဆိုင်။**

အဲလေ ယောင်လို့

နစ်နာသူတို့၏ လိုလားချက်အရ ရှေ့နေကြီးဦးလေဥ (ဆာလကာကြီး)ဗဟိုရ်တရားရုံးရှေ့နေ၊ ဗန်ဒါထိမ်း (ဗဟို တရားရုံးရှေ့တွင်နေ၍ ဗန်ဒါပင်များ ထိန်းသိမ်းရသူဟူ လို)(ဗန်ဒါစေ့ ထုလိုသူများ ဆက်သွယ်ပါ)

''တောက် ဒါ သက်သက်စော်ကားတာပဲ''

ကျွန်ုပ်မောင်ပိန်းပေါင်၏ နှုတ်မှပင် လွှတ်ခနဲ ထွက်သွားရ ပေ၏ ။ ဒါကို ကိုဝကြီးကလဲ

''ဟုတ်တယ်လေ၊ ဘာအဓိပ္ပာယ်နဲ့ တရားရုံးသွားရမှာလဲ၊ ကိုယ်မလုပ်တာကို မလုပ်ပါဘူးလို့ ရှင်းသထက်ရှင်းအောင် ရှင်းပါ တယ်ဆိုကာမှ လာရှုပ်နေသေးတယ်''

ကျွန်ုပ်ကလည်း ရှေ့နေကြီးဘိုးစံကွား အားရစိမ့်သော၄ာ

''ဒင်းတို့မသိသေးလို့ စိန်ခေါ်နေတာ၊ တို့ဘဘရဲ့ ရေပက်မဝင် ခုခံချက်တွေမှာ အီစလံဝေပြီး နောက်မမိုက်ဝံ့တော့ ပါဘူးလို့ မျက်နှာကို ခါးအောက်မှာချိတ်လို့ တိတ်တဆိတ် လာကန် တော့ရမှာ မြင်ယောင်ပါသေးတယ်''

''အဟေးဟေး အသည်းကောင်းတော့လည်း ပွဲတောင်း ပြီပေါ့၊ လေဥ..လေဥ၊ မင်းအဘိုး ဦးငန်းဥတုန်း တစ်ခါ၊ မင်းအဖေ ဦးဘဲဥတုန်းက တစ်ခါ၊ တရားရုံးမှာ စကားပုံးကြဲလို့ အမုန်းဆွဲပစ် လိုက်တာ မင့်မြင်စေချင်သကွာ၊ မင်းအဘိုးနဲ့အဖေ ဥနှစ်ဥ ထုထုပြီး ငိုကြတာကို မင်းမမီလိုက်လို့ မသိပေမယ့် ရှေ့မီနောက်မီ အလယ်မီ ဘေးမီတဲ့ ပိုလီယိုရောဂါသည် အဲလေ ခေတ်အဆက်ဆက် မီခဲ့သူ တွေကို တော်ကီပွားကြည့်ရင် အကွား ဘယ်လောက်ဆိုးလို့ ဘယ်သူ တွေ ဘယ်လိုရှုံးသွားတယ်ဆိုတာ သိနိုင်ပါတယ်၊ ဖားခြေရာခွက်ကို ပင်လယ်ထင်တဲ့ ဖားသူငယ်လေဥ ဘိုးစံကွား အပြုံးနုနုနဲ့ စကားလုံး တွေ ဘယ်လိုစုပြီး အပီထုမလဲ သိရအောင် တရားရုံးမှာစု''

*

''ဒုံး..ဒုံး ဒုံး ဒုံး..''

''ကိုင်း ရှင်းစမ်းပါဦး၊ မောင်ရင်တို့နဲ့ ဘာမှလဲ မပတ်သက် ဘူး၊ ဘာမှလဲမဆိုင်ဘူး၊ ဒါဖြင့် ဘာဖြစ်လို့ အယားပြေအလျား ရှည်ကြီး ဘာမှမပတ်သက်ဘူးလို့ ကြေငြာရသတုံး''

တရားသူကြီး၏ အောင်မြင်ခန့်ညားသောအမေးကို ''ကျွန်မကို သူတို့ စော်ကား မော်ကားလုပ်ပါတယ်''

''ကျွန်တော့်သားလေးဟာ ကျွန်တော့်သားမဟုတ်ဘူး ဆို ပေမယ့်''

''ကျွန်မဘာကျွန်မ ရည်းစားရရ မရရ ကိုယ့်စိတ်ကူး လေးနဲ့ကိုယ်ရူးပြီး ဒဂုံးကူ,ကူနေတာကို သူက''

စသည်ဖြင့် လက်ပံပင် ဆက်ရက်ရော ကျီးကန်းရော စာကလေးရော တစ်ပြိုင်တည်းကျသလို တရားရုံးတစ်ခုလုံး ဝရုံးဝရုံး နှင့် ပွက်လောညံကုန်ပါပေ၏။

ရှေ့နေကြီးဘိုးစံကွားကား မျက်လုံးတစ်ဖက် မှေးစင်းကာ လက်ကလေးနှင့် ထိုင်ကြဲထိုင်ကြဲ ဟူသောအပြုအမူကို ပြလိုက်ရာ အားလုံးသော အမှုရှင်များသည် မီးကို ရေနှင့်ငြိမ်းသတ်သကဲ့သို့ ငြိမ်သက်သွားကြလေ၏။

အာဂဘိုးစံကွားပါပေ။ အားလုံးငြိမ်သက်ကုန်မှ ရှေ့နေ ဘိုးစံကွားက လက်ညှိုးနှစ်ဖက်ကို တရားသူကြီးထံသို့ စုံထိုး၍ လျှောက်တင်ပုံက ဤသို့တည်း''

''လောကလူ့ဘဝမှာ ရှုပ်ရတာ ဒုက္ခပဲ၊ သောကတွေ မောဟတွေ လောဘတွေ အများကြီးပဲ တအားကြီးနွဲ့ ခါးသီးဆဲ ဘားကြီးထဲ သခွားသီးပဲ ကျားကြီးလဲ''

''ဒုံး..ဒုံး..ဒုံး''

''လျှောက်လဲချက်ပေးပါဆို ဘာတွေ ဝေ့လည်ကြောင်ပတ် လာလုပ်နေတာလဲ''

''အဟဲ အဟင်း အနုပညာသမားတွေဆိုတော့ အနုပညာ ဆန်ဆန် ဟစ်ဟော့လေးနဲ့ လျှောက်လဲချက်ပေးရင် ပိုနားဝင် မလားလို့''

တရားသူကြီးက မျက်နှာတင်းသွားပြီး

''ဒါတရားရုံး အနုပညာသမား နားလည်ဖို့ထက် တရားသူ ကြီး နားလည်အောင်လျှောက်၊ တရားသူကြီးနားမလည်ရင် ငါးဆယ် ဆိုလည်း ဟုတ်သွားမယ်''

ဘိုးစံကွားက သနား စဖွယ် မျက်လွှာလေးချလိုက်ပြီး ချက်ချင်းပင်

ဤသို့လျှောက်တင် လိုက်၏။

''အိုဘယ့် တရားသူ ကြီးမင်း ကျွန်ုပ်၏ အမှုသည် မောင်ဝကြီး ၁၂/ ဝဝဝနိုင်ဝဝ၇ဝဝ၇ သည် သူနဲ့မသက်ဆိုင်သော သူနဲ့ မပတ်သက်သော သူနဲ့မသိကျွမ်းသောသူများနှင့် လောက၏ မတော် မတဲ့မှုများကို ကြိုတင်သိမြင်သော အသိဉာဏ်တစ်ခု ရခဲ့ပါသည်၊ သူနှင့် လားလားမှမအပ် စပ် မသိမြင်ဘူးသူများ၏ ဘဝ ထဲမှ ပူလောင်မှုများ ပြဿနာ များသည်လည်း သူ့ဘဝရဲ့တစ် စိတ်တစ်ဒေသကို လောင်မီးကျစေ သည့် အားလျော်စွာ တော်တာ မတော်တာ မစဉ်းစားမိဘဲ ကြော် ငြာထည့်မိသော အမှုကို ရိုးသား စွာ ပြုမိခြင်းဖြစ်ပါသည်၊

တစ်ဖက်ရှေ့နေကြီး ဦး လေဥ (ဆာလကာကြီး)နှင့် တရားသူကြီးမင်းခင်ဗျား ယခု ကြော် ငြာကို သေချာစွာကြည့်ရင်လည်း ကျွန်ုပ် ၏ အမှုသည် မောင်ဝကြီးမှာ အပြစ်မရှိကြောင်း ထင်ရှားနေပါ တယ်၊ သူနဲ့မဆိုင်သော မသိသော မတွေ့ဘူးသောသူများကို သူနှင့် မဆိုင်ဘူး၊ မသိဘူး၊ မတွေ့ဖူးဘူး ဟုသာ ရိုးသားစွာ ကြော်ငြာခဲ့ခြင်း ဖြစ်ပါသည်၊ ကိုယ်မဟုတ်လို့ မဟုတ်ပါဘူးလို့ ကြော်ငြာတာ အပြစ်ရှိပါသလား တရားသူကြီး မင်းခင်ဗျား''

တရားသူကြီးက ဝင်၍၊

''ကိုယ်မဟုတ်တာ ကိုယ့်ဘာသာ အေးဆေးနေပေါ့၊ အဲဒါကို မဟုတ်ဘူးလို့ ကြေငြာတော့ ဟုတ်သလိုလို ဘာလိုလိုဖြစ် ပြီး မဟုတ်တာက အဟုတ်တွေဖြစ်ကုန်တာပေါ့''

ရှေ့နေကြီး ဦးလေဥကလည်း ဝင်ပြီး၊

''တရားသူကြီးမင်း စဉ်းစားကြည့်ပါခင်ဗျာ၊ ကိုယ်မဟုတ် တာကို မဟုတ်ပါဘူးလို့ ဘွင်းဘွင်းကြီး ကြေငြာလိုက်တော့ လူထု ရဲ့စိတ်ထဲမှာ ဟုတ်များနေမလားဆိုတဲ့ ဝိဝါဒနဲ့နိယာမတွေကို ဖန်တီးလိုက်သလို ဖြစ်ပြီး မဟုတ်တာကို အဟုတ်ထင် ဟုတ်တာ တွေလည်း ဟုတ်သလို ဖြစ်ပြီး

အကုန်ရှုပ်ကုန်တာပေ့ါ တရားသူကြီး မင်း''

''အေး ဒါဆိုလဲ ထိုင်ဦး''

ရှေ့နေဦးလေဥက ဘိုးစံကွားကို မကျေမနပ်ကြည့်ပြီး မထိုင့်ချင်ထိုင်ချင်နှင့် ထိုင်လိုက်ရ၏။

''လေးစားအပ်တဲ့ တရားသူကြီးနှင့်တကွ ရှေ့နေရှေ့ရပ် ပညာတတ်သူများခင်ဗျာ၊ မဟုတ်တာကို မဟုတ်ပါဘူး၊ မပတ် သက်တာကို မပတ်သက်ပါဘူးလို့ ရိုးသားမှန်ကန်စွာ ကြေငြာတဲ့သူ ကို ပညာနုံ့နဲ့ လူအောက်ဆွဲ တစ်ယောက်လောက် အပြစ်ဖို့စကား တင်ဆိုတာကို ပညာတတ်လူ့အဖိုး တန်များက လိုက်ယောင်သင့်ပါ သလား ခင်ဗျာ၊ တရားလိုများကို မေးစမ်းပါရစေဦးခင်ဗျာ၊ ယ္ခု တရားခံဖြစ်နေသော မောင်ဝ ကြီးကို ယ္ခင် တစ်နေနေရာရာမှာ မြင်ဖူးကြရဲ့လား''

''အို ရာရာစစ ဘယ်လို မြင်ဖူးမှာလဲ''

''သိရော သိကျွမ်းဘူးရဲ့ လား''

''သူ့သိမယ့်အစား ခွေး အမြီးဖြတ်ပြီး သိပစ်လိုက်မယ်''

''ခေါ်ဖူးပြောဖူးရှိရဲ့လား'' ''ဒင်းမျက်ခွက်နဲ့ ပဲပြုတ် ရောင်းရင်တောင် ခေါ်မစားဘူး''

''ကိုင်း ဒါဖြင့် တရားခံ မောင်ဝကြီးကရော သူတို့နဲ့ သိ ကျွမ်းဘူးလား''

''နိုး လုံးဝ''

''ခင်မင်ဘူးလား''

''တစ်စက်လေးမှ ခင် ဘူးပေါင်''

ဘိုးစံကွားမှ မိန့်မိန့်ကြီး ပြုံးပြီး၊

''ဒါဆိုရှင်းနေပါပြီ၊ ကျွန်ုပ် အမှုသည်မှာ သူတကယ် မသိ မမြင်

မပတ်သက်ဘူးသော သူများကို မသိမမြင်ဘူး မပတ်သက် ဘူး ဟုသာ အမှန်စကားကို ရိုးသားစွာဆိုခဲ့ခြင်း ဖြစ်ပါသည်၊ ကိုယ် မသိဘူး ကိုယ်မလုပ်ဘူးတဲ့ အလုပ်ကို မသိဘူး မလုပ်ဘူးလို့ ကြေငြာတာ အပြစ်ရှိပါသလား''

တရားသူကြီးက မျက်မှောင်ကြုတ်ကာ စဉ်စားပြီး၊ ''အေးလေ၊ မလုပ်ဘူးဆိုပေမယ့် အင်း အဲဒါဆိုလဲ ဘာကြေငြာစရာလိုလဲ၊ မလုပ်ဘူးဆိုရင် မလုပ်နဲ့ နေပေ့ါ အေးရာ အေးကြောင်း ဘာလို့ မလုပ်ဘူးတတန် မသိဘူးတတန် ကြေငြာ နေရသေးသတုံး''

''တရားသူကြီးပဲ စဉ်းစားကြည့်ပါ၊ ကိုယ်မလုပ်တာကို မလုပ်ပါဘူးလို့''

''မလုပ်ရင် ခပ်ရှင်းရှင်းမလုပ်ဘဲနေလေ၊ ခုဟာကလုပ်ခဲ့ သယောင်နဲ့''

''မလုပ်ခဲ့လို့ မလုပ်ခဲ့ပါဘူးဆိုတာကို ကြေငြာလို့မရရင် မလုပ်ခဲ့တာကို လုပ်ခဲ့ပါတယ်လို့ ကြေငြာပြီး''

''ရမလားကွ မင်းမလုပ်ခဲ့ဘဲနဲ့''

''ဒါဆို မလုပ်ခဲ့ဘူးလို့ပဲ ကြေငြာရမှာပေ့ါ'' ''ကျေးဇူးတင်ပါတယ် တရားသူကြီးမင်း''

''အန် မဟုတ်သေးဘူးလေ''

''ဟုတ်တယ်လေ''

တရားရုံးတစ်ခုလုံး ပွက်လောရိုက်ကုန်ပေပြီ။ ''ဘာဟုတ်တာလဲရှင့်၊ ကျွန်မနဲ့သူနဲ့က ဘာမှမဟုတ်ခဲ့တာ ဘဲ၊ တကယ်ဟုတ်ခဲ့တယ်ဆိုရင် တစ်မျိုးပေ့ါ''

''ကလေးတစ်ယောက်ရပါတယ်၊ ဘလိုင်းကြီး ဖအေ ကောင် ဝင်ဖော်သွားတယ်၊ တကယ်လဲ ဟုတ်ပဲနဲ့''

''အေးလေ သူက မဟုတ်လို့ မဟုတ်ဘူးပြောတာပဲ'' ''တရားသူကြီး ဆုံးဖြတ်ပါ''

တရားသူကြီးကား ပွက်လောဆူညံနေသော လူများကိုကြည့် ကာ မည်သို့ဆုံးဖြတ်ရမည်ကို မသိတတ်တော့။ ''မသိတော့ဘူးကွာ၊ မင်းတို့ဘာမင်းတို့ ရှုံးပြင်ထွက်ရှင်းကြ တော့ ငါငိုချင်လာပြီ၊ သွား နောက်တစ်ခါ ကိုယ်မဟုတ်တာကို မဟုတ်ပါဘူးလို့ ပြောရဲပြောကြည့်၊ ငါ ပါးပိတ်တီးပစ်မှာ''

''ကိုယ်မဟုတ်ပါဘူးဆိုမှ မဟုတ်ဘူးပေ့ါ၊ အဲဒါ ဟုတ်တယ် ပြောရမှာလား''

''ကိုယ်မဟုတ်လို့ မဟုတ်ပါဘူးလို့ပြောတာ ပြောမရရင် ကိုယ် ဟုတ်တာတွေကို မဟုတ်ပါဘူးလို့ ပြောရမယ်၊ မဟုတ်တာ တွေကို ဟုတ်ပါတယ်လို့ ဝန်ခံရမှာလား အိုး ရှုပ်နေတာပဲ''

စသည်ဖြင့် အသည်းနာနာ အကဲပါပါနှင့် လုံးထွေးငြင်း ခုန်ကြရင်း ဤမဟုတ်တာကို မဟုတ်ပါဘူးဟု ကြေငြာသောအမှု ကြီး မည်သူမျှ မရှင်းမလင်းနိုင်ဘဲ နိတ္တိတံရလေပြီတမုံ့။

သူ့ဘာသူ ငြင်းခုန်ရှုပ်ထွေးနေသူများကြားမှ ပေကလပ် ပေကလပ်နှင့် တိုးထွက်လာသော ရှေ့နေဘိုးစံကွားကို လှစ်ခနဲ မြင်ရ သည့်ခဏ ကျွန်ုပ်မောင်ပိန်းပေါင်လည်း မာရသွန်ယွန်းနေချေပြီ တည်း။

ကျွန်ုပ်နှင့် မရေးမနှောင်း နဘေးမှ ဂျောင်းဂျောင်းပြေးနေ သူအား မည်သူထင်သနည်း၊ ဟုတ်ပ မိတ်ဆွေ ကျွန်ုပ်တို့၏ မိတ် ဆွေကြီး မောင်ဝကြီးပါပေတည်း။

*